mgyoe.com



# မိုးသက်

## ဦးငယ် နှစ်များ

mgyoe.com

9 789997 118264

mgyoe.com



ISBN97899997118264
POEM78
9 789997 118264
1,500.00KS

mgyoe.com

ဒူးငယ် နစ်မျှား မိုးသက်
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၆၇ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ခူးငယ် နှစ်များ

## မိုးသက်

ပထမအကြိမ် ၂၀၁၃

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ

၁။ ရှူးငယ်သို့ . . . . . . . . . . . ၁
၂။ နှစ်များ . . . . . . . . . . ၁၁
၃။ မနေ့က . . . . . . . . . . ၃၅
၄။ အခြား . . . . . . . . . . . ၄၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

သ
တိ
ရ
စေတဲ့ ပိုး
ကောင်တွေ
ငါ့ဆီ လာကြတယ်။

မိုးသက်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

ခုံးငယ်သို့

mgyoe.com

mgyoe.com

# ရှုးငယ်သို့

အိမ်ရဲ့ အနီးအနားမှာ လွှမ်းစေတီရှိတယ် ဘယ်အချိန်ကြည့်ကြည့်
စေတီအနားက အပင်တွေဟာ ငြိမ်သက်နေကြတယ်။
အဲဒီအကြောင်းအရာကို ငါတစ်ယောက်ပဲ ပြောခွင့်ရှိခဲ့
အဲဒီအကြောင်းတရားမှာ သူရော ကိုယ်ပါ ရောထွေးခဲ့။

mgyoe.com

mgyoe.com



## ရှူးငယ်သို့

ပြတင်းတံခါးပွင့်သွားတာနဲ့
လေတွေ တိုက်တော့တာပဲ
ငါထင်တယ်
နေ့အခါမှာ အပူထဲက ဖြတ်လာတဲ့ လေတွေ
ညအခါမှာ မှောင်မည်း တိတ်ဆိတ်နေတဲ့ လောကကို ဖြတ်လာတဲ့ လေတွေ
ဘာပဲဖြစ်ဖြစ်
လေတွေ အချိန်မလပ်တိုက်နေရတယ်
အစွဲအလမ်းကြီးရင် ရှုးသွားကြတယ်
သစ်ကိုင်းခြောက်လေးတွေလည်း ကျိုးကျရတယ်။

mgyoe.com

mgyoe.com

# ရှုးငယ်သို့

ရေပြင်ကို ဖြတ်ပြီး သယ်လာသော အမှုန်များ မအေးခဲမီ
ဆောင်းလို့ အမည်တပ် လွမ်းဖွယ်သာ
မျောတော့ မျောသွားတဲ့ စက္ကူလှေလောက်မှ အချိန်ကို အန်တု
ရေထဲ အရည်မပျော်နိုင်
မိုရာတွယ်ရာနဲ့ ရေစက်ကလေးလည်း ဒုက္ခကို ခံလာခဲ့ရသူပါပဲ
တွေးကြည့်တော့ တံခါးပိတ်ထွက်သွားတဲ့ ရထားအသံ
ကိုယ့်အဖို့တော့ သံလိုက်အိမ်မြှောင်ထဲ ကြယ်များ တောင်အရပ်မှာ ဆုံးတယ်။

mgyoe.com

mgyoe.com


# ရှူးငယ်သို့

အသက်ရှင်ခြင်းကို ယူပါ။
လုံခြုံနွေးထွေးစေမယ့် မေတ္တာတရား
ငါ့ကို ပေးပါ။

mgyoe.com

 mgyoe.com

# ရှူးငယ်သို့

နောက်ထပ် သွားစရာ မရှိတော့ဘူးဆို
နောက်ထပ် လမ်းဟာ ပေါ်မလာ
ကိုယ်သာ ဖြစ်ပါရစေဆိုတာလည်း
တကယ်တော့ လူမျိုးရေးခွဲခြားတာပါပဲ။

အမှောင်ထဲက ပြန်လာ
အမှောင်ထဲ ပြန်သွား
တစ်ယောက်တစ်ပိုင်းစီ သယ်လာသော
ပြာများ
ခြွေသူဟာ လေပါ။

ညနေခင်းကို ဘယ်သူသယ်ဆောင်သွားဖူးလဲ
မနက်ခင်းကို ဘယ်သူလက်ဆွဲခေါ်ခဲ့ဖူးလဲ။

mgyoe.com

mgyoe.com



မြားဟာ စူးဝင်သွားဖို့ ချွန်နေမှရ
အချွန်မှာ အဆိပ်လူးမှ အသက်ကို ယူခွင့်ရ
အစွယ်သာ လိုချင်သူ အစွဲကြီးသူလည်း ရင်ကွဲနာကျလို့။

ခေါင်းတစ်ချက်ညိတ်ရင်
နောက်ဆယ်ကမ္ဘာ
မင်းအတွက် ငါထမ်းထားမယ်လို့။
ချစ်နေရတာကိုက ပျော်စရာ။

mgyoe.com

mgyoe.com

# ရှူးငယ်သို့

စက္ကူရွက်ပေါ် တစ်စတစ်စ စီးဆင်းလာတဲ့ ရေဟာ
အချိန်ကြာတာနဲ့အမျှ စာသားကို နူးအိသွားစေတယ်
လေးဖက်လေးတန် ထောင့်ချိုးတွေ
မညီမညာ စက်ဝိုင်းတွေ။

နှာသီးဖျားအစပ်လေးက ချွေးစက်လေးတစ်စက် ကျဆင်းသွားလေရဲ့
မျက်တောင်မှာ တိမ်တွေ ငြိနေလေရဲ့
တဆတ်ဆတ် တုန်ခါနေသော နှလုံးသွေးကြောဟာ ခါနှုန်းအတိုင်း
မီးလုံးလေးများ ကစားသလို
ကြယ်များ မျက်လုံးထဲ ဝင်ရောက်အိပ်ပျော်နေလေရဲ့။

ဒီနေရာမှာ
ငါ ကြာရှည်စွာ ပိုင်ဆိုင်ခွင့် မရှိနိုင်ဘူး
အဆုံးမှာ
ငါပြုပြင်နိုင်သော အစအနများ
ကောင်းကင်ပေါ် သောင်ထွန်းလိမ့်မယ်။

mgyoe.com

mgyoe.com


အချစ်ရေ
ငါ့ချိန်းဆိုမှုဟာ တစ်ပင်ပေါ်တစ်ပင်
လိမ်တက်နေတဲ့ နွယ်ပင်
ပြတင်းတံခါးမှ မင်းကြည့်လို့ မြင်ရမယ့် ဆင်ခြေလျှောလေးဟာ
ငါပေါ့။

mgyoe.com

mgyoe.com

# ရှူးငယ်သို့

မိုးတိမ်တိုက်တွေဖြစ်ပြီး မိုးရွာချဖို့ အမှုန်အမွှားလေးတွေက အစ
တိမ်းစောင်းမှုမရှိအောင် ပွတ်တိုက်ကြရ
အိပ်မက်ဆိုတာ အစွဲအလမ်းရှိလို့ မက်တာလို့ ပြောကြ
အဲဒီအစွဲအလမ်းမှာ ကြိုးတွေ ရှိနေမှာ
ဒါတင်ပဲလားဆိုတော့
အဲဒီမြို့မှာ မိုးသားတို့ ညို့မလာတော့ဘူးလား
ချယ်ရီပွင့်ပြီးတဲ့အခါ ခရမ်းရောင်ပန်းတွေ
လမ်းပေါ်မှာ ခင်းထားဦးမှာ
ဒါတင်ပဲလားဆိုတော့
လွမ်းစေတီက ခေါင်းလောင်းသံကို
လေက သယ်ဆောင်လာပေးဦးမှာ
ဒါတင်ပဲလားဆိုတော့
မင်းအသက်ရှိသရွေ့ ဘာမှ ရပ်တန့်စရာမရှိ။

mgyoe.com

mgyoe.com

နှစ်များ

mgyoe.com

mgyoe.com

## နှစ်များ

နှစ်ပေါင်း ငါးဆယ် ခြောက်ဆယ် ခုနစ်ဆယ်
နှစ်ပေါင်း တစ်ရာ
နှစ်များ
ငါ ငေးနေခဲ့ဖူး
ငါ မျှော်နေခဲ့ဖူး
သူငယ်ချင်း
ရနံ့စစ်စစ် ငါ မရခဲ့သေးဘူး။

mgyoe.com

mgyoe.com


## နှစ်များ

တစ်နေ့တော့ ခွေးလေးဒဏ်ရာရလာတာကို တွေ့ရတယ်
သူ့အနာ
သူ့လျှာနဲ့သူ ပြန်လျက်နေတာကိုလည်း တွေ့ရတယ်။

mgyoe.com

mgyoe.com

# နှစ်များ

ကျွန်တစ်ယောက်က သူ့သခင်အစစ်ကို
နှစ်ပေါင်းများစွာ စောင့်နေသလို
နောက်ဆုံးကျန်နေသေးတဲ့ အလင်းရောင်ကို အမှီပြုလို့
မြို့မှာ၊
မြို့နဲ့ နီးလာလေ အပူကြီးတဲ့ အငွေ့အသက်ကို ရလာလေ
နောက်ဆုံး အသက်ရှူမှုမလာခင်
နောက်ဆုံး နိုင်ငံတော်ကို မြင်ချင်ပါတယ်
ဆံပင်တွေ ပိုရှည်လာသလို
မြစ်က ပိုကျယ်ပြန့်လာပါစေ
ဆောင်းဟာ နှောင်းခဲ့ပြီ
ခရမ်းပြာစိန်ပန်းတို့ နွေးသော လေကို ကြိုလေပြီ
ပွင့်ခဲ့ပြီးသော ပန်းတို့
အနင်းခံဖို့ မြေပေါ်ကြွေ။

mgyoe.com

mgyoe.com


## နှစ်များ

လူတွေ ငှက်ကလေးတွေကို လေဟာနယ်ထဲ လွှတ်ပေးလိုက်ကြတယ်
သူတို့ ခဏတစ်ဖြုတ် ပျံနေကြလိမ့်မယ် ပြီးတော့
ငှက်ကလေးတွေ လှောင်အိမ်ထဲ ပြန်လာကြတယ်
အစာရေစာ ရှားပါးလာခဲ့ကြပြီ
အစာရှာနည်းကိုလည်း သူတို့မေ့သွားခဲ့တာ ကြာပြီ။

mgyoe.com